**(Burmese Below)**

## Child Care Grant for Myanmar Women: “Care to Continue”

Exile Hub’s “Care to Continue” childcare grant offers vital lifelines for Myanmar women balancing the challenges of conflict, activism, and caregiving.This initiative is built on a feminist care framework that recognizes WHRDs in a holistic way. This means we look at women defenders not only as activists and defenders, but also recognises any other roles or identities they hold such as a role of mother.  This grant aims to alleviate the burdens faced by these women, recognizing the important role of mothers, especially those on the frontlines, and providing necessary assistance as they navigate the complex challenges of life in Myanmar. By supporting these courageous mothers, the initiative not only addresses immediate needs but also reinforces the importance of community care and solidarity in times of crisis.

### What Can This Grant Support?

. It covers a wide range of essential needs, including:

- **Childbirth and Newborn Care:** Support for mothers during and after childbirth.
- **In-Home or Daycare Assistance:** Help for caregivers to ensure their children receive proper care.
- **Pediatric and Emergency Medical Needs:** Coverage for urgent health issues that may arise.
- **School Fees and Supplies:** Financial assistance for educational expenses.
- **Hygiene Essentials:** Provision of milk, diapers, and other critical items.
- **Temporary Care:** Support during relocation, hiding, or training, ensuring mothers have the resources to care for their children even in uncertain times.

➔ *Priority will be given to single mothers, women from minority communities, and those caring for children with disabilities, ensuring that the most vulnerable receive the support they desperately need.*

### How to Apply

**Obtain the Application Form:** Available through Feminist Network partners or secure platforms like Signal or Email.
**Submit Your Need:** Write or record a brief explanation of your situation.
**Endorsement:** Secure a brief endorsement from a network partner.
**Submit Securely:** Applications can be submitted through designated secure channels.

For those facing urgent situations, emergency requests will be fast-tracked, typically processed within 2–3 days. Notably, applicants are not required to provide receipts; a simple follow-up after two months will suffice.

At the heart of the “Care to Continue” initiative are fundamental principles that reflect the values of Exile Hub:

- **Feminist Care Ethics**
- **Trust-Based and Simple Processes**
- **Confidential and Safe**

## မြန်မာအမျိုးသမီးများအတွက် ကလေးပြုစုပျိုးထောင်ရေး ရန်ပုံငွေ။ “စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ရေး”

Exile Hub ၏ “စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ရေး” ကလေးပြုစုပျိုးထောင်ရေးဆိုင်ရာ ရန်ပုံငွေကို ပဋိပက္ခ၊ တက်ကြွလှုပ်ရှားမှုနှင့် ကလေးပြုစုပျိုးထောင်ရေး စိန်ခေါ်မှုများကြား ဟန်ချက်ညီအောင် ထိန်းညှိနေရသည့် မြန်မာအမျိုးသမီးများအတွက် အရေးကြီးသော ရန်ပုံငွေများ ပေးအပ်နိုင်ရေးအတွက် ရည်ရွယ်ခြင်း ဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ တိုက်ပွဲဝင် အမျိုးသမီးများ (WHRDs) အတွက် အဘက်ဘက်မှ ဖြည့်ဆည်းပေးရန် စဉ်းစားချက်ဖြင့် မဝါဒီရေးရာ ဂရုပြုစောင့်ရှောက်ရေး မူဘောင်ကို အခြေပြု၍ ဤရန်ပုံငွေကို ဖန်တီးထားပါသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့အနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ တိုက်ပွဲဝင် အမျိုးသမီးများအား တက်ကြွလှုပ်ရှားသူ၊ လူ့အခွင့်အရေး ကာကွယ်သူများအနေဖြင့်သာ ရှုမြင်သည် မဟုတ်ဘဲ မိခင် တစ်ယောက်အနေဖြင့် တာဝန်ယူနေရခြင်းဟူသည့် အမျိုးသမီးတစ်ယောက်၏ အခြားသော ကဏ္ဍကိုပါ အသိအမှတ်ပြုပေးရန် ရည်ရွယ်ပါသည်။
ဤရန်ပုံငွေအားဖြင့် ၎င်းအမျိုးသမီးများ ရင်ဆိုင်နေကြရသည့် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးနိုင်ရန်၊ အထူးသဖြင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှေ့တန်းမှ မားမားမတ်မတ် တိုက်ပွဲဝင်နေသူများအတွက် မိခင်ဖြစ်ခြင်း၏ အရေးပါမှုကို အသိအမှတ်ပြု လက်ခံပေးရန်နှင့် မြန်မာနိုင်ငံတွင်း စိန်ခေါ်မှုပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့နေရစဉ် လိုအပ်သည့် အကူအညီများပေးနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါ မိခင်များအား ထောက်ပံ့ကူညီခြင်းအားဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြေရှင်းပေးရုံသာမက လက်ရှိ အကြပ်အတည်းကာလအတွင်း အချင်းချင်း ဖေးမကူညီရန်နှင့် သွေးစည်းညီညွတ်မှုရှိကြရန် အရေးကြီးပုံကို ဤရန်ပုံငွေ ပေးအပ်ရေး အစီအစဉ်တွင် မီးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။

### ဤရန်ပုံငွေဖြင့် မည်သည့်ထောက်ပံ့မှုများ ပြုလုပ်နိုင်သနည်း?

ဤရန်ပုံငွေအားဖြင့် အောက်ပါ ကိစ္စရပ်များ အပါအဝင် အခြေခံလိုအပ်ချက်ပေါင်းစုံကို လွှမ်းခြုံကူညီပေးနိုင်ရန် ရည်ရွယ်ပါသည်။

- **မီးဖွားခြင်းနှင့် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေး။** မီးဖွားစဉ်နှင့် မီးဖွားပြီး မိခင်များအား အကူအညီပေးရန်
- **အိမ်တွင်း သို့မဟုတ် ကလေးထိန်းဂေဟာ အကူအညီ။** ကလေးပြုစုစောင့်ရှောက်ရသူများ အနေဖြင့် ၎င်းတို့၏ ကလေးသူငယ်များအတွက် လိုအပ်သည့် ပြုစုစောင့်ရှောက်မှုများ မပျက်မကွက် ရရှိစေရန်။
- **ကလေးကျန်းမာရေးနှင့် အရေးပေါ် ကျန်းမာရေး လိုအပ်ချက်များ။** အခြေအနေ ကြောင်းကြောင်းကြောင့် ပေါ်လာတတ်သော ကျန်းမာရေး ကိစ္စများတွင် အကူအညီပေးနိုင်ရန်။
- **ကျောင်းလခနှင့် အထောက်အပံ့များ။** ပညာရေး အသုံးစရိတ်များတွင် ငွေကြေးထောက်ပံ့ကူညီရန်။

- **တကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များ။** နို့၊ အနှီး/သေးခံ (diaper) နှင့် အခြားအရေးကြီး ပစ္စည်းများ ထောက်ပံ့ရန်။
- **ယာယီစောင့်ရှောက်ရေး။** နေရာရွှေ့ပြောင်းစဉ်၊ ပုန်းအောင်းနေစဉ်၊ သင်တန်းတက်ရောက်နေစဉ် အစရှိသည့် မရေရာသော ကာလများ၌ပင်လျှင် မိခင်များအနေဖြင့် ကလေးပြုစု စောင့်ရှောက်ရေး အတွက် လိုအပ်သော အရင်းမြစ်များ မပြတ်ရရှိစေရန်။

➔ *ထိခိုက်ခံစားရနိုင်ခြေ အမြင့်မားဆုံး လူအုပ်စု၏ အရေးပေါ် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် တကိုယ်ရေမိခင်များ၊ တိုင်းရင်းသားလူနည်းစု အမျိုးသမီးများ၊ မသန်စွမ်းဘဝဖြင့် ကလေးပြုစု ပျိုးထောင်နေရသူများကို ဦးစားပေး ထောက်ပံ့သွားမည် ဖြစ်ပါသည်။*

## လျှောက်လွှာတင်သွင်းရမည့်ပုံစံ

**လျှောက်လွှာဖောင်ပုံစံတောင်းခံပါ။** မဝါဒီ ကွန်ယက် မိတ်ဖက်အဖွဲ့အစည်းများထံမှ လည်းကောင်း၊ Signal သို့မဟုတ် Email ကဲ့သို့သော လုံခြုံသော ပလက်ဖောင်းများမှ တောင်းယူနိုင်ပါသည်။
**လိုအပ်ချက်ကို လျှောက်လွှာဖြည့်ပေးပို့ပါ။** သင့်လက်ရှိ အခြေအနေနှင့် ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းဖော်ပြချက်တစ်ရပ် ရေးသား၍ ပေးပို့ပါ။
**ထောက်ခံချက်ရယူပါ။** ကွန်ယက်မိတ်ဖက်အဖွဲ့အစည်းတစ်ခုထံမှ ထောက်ခံချက် အကျဉ်းချုပ်တောင်းခံပါ။
**လုံခြုံစွာပေးပို့ပါ။** သတ်မှတ်ပေးထားသော လုံခြုံသည့် လမ်းကြောင်းတစ်ခုခုဖြင့် လျှောက်လွှာပေးပို့နိုင်ပါသည်။

အရေးပေါ်အခြေအနေတွင် ရောက်ရှိနေသူများအတွက် အရေးပေါ်တောင်းဆိုမှုများ ပြုလုပ်နိုင်ပြီး ပုံမှန်အားဖြင့် ၂-၃ ရက်အတွင်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ သတိပြုရန်မှာ လျှောက်လွှာတင်သွင်းသူအနေဖြင့် ငွေပြေစာဖြတ်ပိုင်းများ ပြန်လည်တင်ပြရန် မလိုအပ်ပါ။ ရန်ပုံငွေပေးအပ်ပြီး နှစ်လခန့်အကြာတွင် ပြုလုပ်သည့် အခြေအနေ သတင်းစကား မေးမြန်းမှု (follow-up) ကို ဖြေကြားပေးရန်သာ လိုအပ်ပါသည်။

"စဉ်ဆက်မပြတ် ပြုစုစောင့်ရှောက်ရေး" ရန်ပုံငွေ အစီအမံသည် Exile Hub ၏ တန်ဖိုးများနှင့် လိုက်လျောညီထွေရှိသည့် အခြေခံမူများဖြင့် ဆောင်ရွက်ပါသည်။ ၎င်းတို့မှာ

- **မဝါဒီ ပြုစုစောင့်ရှောက်ရေး ကျင့်ဝတ်များ**
- **ယုံကြည်မှုအခြေခံပြီး ရိုးရှင်းသည့် လုပ်ငန်းစဉ်များ**
- **သတင်းလုံခြုံမှုနှင့် ဘေးကင်းမှု**